ဒါတို့စာပေ

# ညီလေး

ရွှေဘုန်းနိလက်



# ညီလေးရေ-၁

## ကိုယ့်မိသားစုအတွက် အလုပ်လုပ်ရမယ်။ တချိန်တည်းမှာ ပဲ အများ အတွက်လည်း ထည့်သွင်း စဉ်းစားရလိမ့်မယ်။ ဒါမှလည်း လူသားဆန်တဲ့..လူပီသတဲ့ လူ ဖြစ်လိမ့်မယ်။

*

ညီလေးရေ...

အဖေနဲ့ အမေက ငါ့ကို တစ်လတစ်ခါ ပုံမှန်လာတွေ့နေလို့ တွေ့တွေ့နေရပေမယ့် ... မင်းနဲ့ မတွေ့ရတာ တောင်အတော် ကြာသွားပြီ...။ ငါ အိမ်မှာ ရှိတုန်းက မင်းကလဲ မင်းဘာသာနေ၊ ငါကလည်း စကားနည်းနဲ့ မင်းကို အစ်ကို တစ်ယောက် အနေနဲ့ ပြောသင့်ပြောထိုက်တဲ့ စကားတွေ ကို တောင် ငါမပြော ဖြစ်ခဲ့ဘူး..။ ငါ မင်းကို စကားနဲ့ ဘာမှပြောဆိုဆုံးမ မနေပေမယ့် ယောကျ်ား တစ်ယောက် ၊ လူငယ် တစ်ယောက် အနေနဲ့ ဘယ်လို နေထိုင်၊ ပြောဆို ပြုမူသင့်တယ်ဆိုတာကို ကိုယ်တိုင် နေထိုင်ပြခဲ့တယ်။အခုတော့ မင်းအနားမှာ ငါရှိမနေနိုင်ဘူး...။ အဖေနဲ့ အမေ ရှိပေမယ့်အဖေတို့ အမေတို့ကလည်း သိတဲ့အတိုင်း ကိုယ့်သားသမီးကိုဘာမှ သိပ်ပြောတာ မဟုတ်ဘူး..။ အဲဒီ တော့ မင်းဘယ်လိုနေမလဲ... ဘဝကိုဘယ်လိုဖြတ်သန်း မလဲ၊ ဘာကို ယုံကြည်မလဲ...ဆိုတဲ့ မေးခွန်းတွေ အတွက် မင်းကို ငါပြောချင် တာတွေ ရှိလာတယ်။ လူတိုင်း လူတိုင်းမှာ သူနဲ့ ထိစပ်ပတ်သက်နေတဲ့ ပတ်ဝန်းကျင်ဆိုတာရှိတယ်။ လူ တစ်ယောက် ရဲ့ အပြုအမူ၊ အပြောအဆို၊ အလုပ်အကိုင်တွေ ဟာ သူနဲ့ ထိစပ်ပတ်သက်နေတဲ့ ပတ်ဝန်းကျင်ကို တနည်းနည်း နဲ့ တော့ သက်ရောက်မှု ဖြစ်တယ်။ အဲဒီ သဘောတရားနဲ့ ပြောင်း ပြန် ပတ်ဝန်းကျင်က လူ တစ်ယောက် ရဲ့ သက်ရောက်မှု ကို ပြန်တုံ့ပြန်တဲ့အခါ အဲဒီ တုံ့ပြန်မှု က

အဲဒီ့ လူကိုပြန် သက်ရောက်တယ်။ မင်း နားရှုပ်သွားပြီလား။ မင်း မြင်သာအောင် ငါပုံဆွဲပြမယ်...။




မရှင်းသေးရင်... ဥပမာထပ်ပေးမယ်ကွာ...။ မင်းက လူတစ် အုပ်ထဲကို ခဲတစ်လုံးပစ်သွင်းလိုက်တယ်ဆိုပါစို့။ အဲဒီ ခဲက လူအုပ်ကို ထိသွား တယ်...။ အဲဒါက မင်းကနေ ပတ်ဝန်းကျင်ကိုပေးလိုက်တဲ့ သက်ရောက်မှု .. အဲဒီ အခါ လူအုပ်ကြီးက ဒေါသထွက်ပြီး မင်းဆီကို ခဲတွေ နဲ့ ပြန်ပစ်မယ်...။ ဒါဆို ဒါက ပတ်ဝန်းကျင်ရဲ့ တုံ့ပြန်မှု ....အဲဒီ တုံ့ပြန်လိုက်တဲ့ ခဲတွေ က မင်းကို လာမှန်မယ်။ အဲဒီ တော့ အဲဒီ့ ပတ်ဝန်းကျင်ရဲ့ တုံ့ပြန်မှု ကပဲ မင်းအပေါ် သက်ရောက်မှု ထပ် ဖြစ်တယ်...။ အဲဒီ အခါ မင်းက တုံ့ပြန်သူ ဖြစ်သွားပြီ။ အဲဒါကြောင့် မင်းသိထားရမှာ က လောကကြီးဟာ သက်ရောက်မှု (Action)၊ တုံ့ပြန်မှု (Reaction)တွေ နဲ့ သံသရာလည်နေ တယ်ဆိုတာပဲ...။ အခုဆိုရင် တိုးတက်နေတဲ့ ခေတ်ကာလကြီးက လူတစ်ဦးချင်းစီရဲ့ လုပ်ပိုင်ခွင့်တွေ ကို မြှင့်ပေးတဲ့အခါ အဲဒီ့ လူတစ်ယောက် လုပ်လိုက်တဲ့အလုပ် သက်ရောက်မှု ဟာ ပတ်ဝန်းကျင်အကြီးကြီးမှာ သွားပြီးရိုက်ခတ်တာမျိုး တွေ ဖြစ်လာတယ်။ ဥပမာကွာ....အခုအချိန် အိုဘားမား တစ်ချက်မှာ

းကြည့်ပါလား....။ ကမ္ဘာ ရဲ့ နေရာတော် တော် များများ မှာ အနုမြူဗုံးတွေ ထပေါက်ကြလိမ့်မယ်။ ဒါက ဥပမာပြောတာ။ မင်း သေသေချာချာ မှတ်ထားရမှာ က ကိုယ့်ရဲ့ လုပ်ရပ် တစ်ခုဟာ ကိုယ့်ရဲ့ ပတ်ဝန်းကျင်ကို ရိုက်ခတ်တယ်...။ အဲဒီ လိုပဲ ပတ်ဝန်းကျင်ရဲ့ လုပ်ရပ်တွေ ဟာလဲ ကိုယ့်ကို ပြန်ရိုက်ခတ်တယ်ဆိုတာပဲ။ ကိုယ်နဲ့ ပတ်ဝန်းကျင်ကြားမှာ ချိတ်ဆက်ထားတဲ့ မျက်စိနဲ့ မမြင်နိုင်တဲ့ ကွင်းစက်တွေ ကို ဉာဏ်ပညာနဲ့ မြင်အောင်ကြည့်တတ်ရမယ်။ ပြီးတော့ သတိထားရမယ်။ ဒီနေရာမှာ အရေး ကြီးဆုံး စကားတစ်ခွန်းကဝင်လာတယ်။ အဲဒါက ဘာလဲဆိုတော့ တာဝန်သိစိတ်ဆိုတာပဲ။ လူ တစ်ယောက် ဟာ အစွန်းတစ်ဖက်ကနေ လွတ်မြောက်ဖို့ ကြိုး စားတဲ့အခါ ရုန်းကန်အားများ ပြီး အထိန်းအကွပ်မဲ့ ဖြစ်သွားတတ်တယ်။ အဲဒီ့ အခါ ကိုယ်လွတ်ချင်တဲ့ အစွန်းတစ်ဖက်ကနေ လွတ်သွားပေမယ့် အခြားအစွန်းတစ်ဖက်ကို ရောက် သွားတာမျိုး ကြုံရနိုင်တယ်။




အဲဒီ ပုံလေးထဲကအတိုင်း လွတ်လပ်ခြင်းကို လက်တစ်ဖက်က ဆုပ်ကိုင်ထားရင်..စည်းလွတ်ဝါးလွတ် ဖြစ်သွားတာမျိုး လဲ မဟုတ်တဲ့ နေရာမှာ နေနိုင်အောင်.. ငါတို့ရဲ့ စိတ်တွေ ကို ငါတို့ ပျိုး ထောင်နိုင်ရလိမ့်မယ်။ လောကမှာ ရိုက်ချိုး ဖျက်ဆီးလို့မရတဲ့ စည်းတွေ ရှိတယ်။ အဲဒီ အကြောင်းကို တော့ နောက်မှ အေးအေးဆေးဆေးထပ်ပြောပါဦးမယ်။ အခုတော့ ဒီလောက်ပဲ မှတ်ထားဦးပေါ့...အရမ်းကျဉ်းတဲ့ ဘောင်ထဲမှာ လဲ မနေနဲ့ ...။ စည်းလွတ် ဝါးလွတ်လည်း မ ဖြစ်စေနဲ့ ..ဟုတ်လား.။

အစွန်းတွေ နဲ့ ပတ်သက်လို့ တစ်ခုပြောရဦးမယ်..။ အိုဘားမားရဲ့ ဇနီး မီရှဲလ်က အင်တာဗျူး တစ်ခုမှာ သူ့ခင်ပွန်းနဲ့ ပတ်သက်ပြီး ဒီလိုပြော တယ်။ အဲဒီ လိုမျိုး ခေါင်းဆောင်မျိုး ကို ကျွန်မကလိုချင်တာ...ကိုယ့်ကလေး တွေ ကို အလေးထားပြီး သူတပါးအတွက် အပြင်ထွက်တိုက်ပေးနိုင်မယ့် သူမျိုး ပေါ့..တဲ့။ အိုဘားမားရဲ့ အစွန်းမရောက်မှု ကို ပါးပါးလေး

လုစ်ပြလိုက် တဲ့စာသားပဲ။

ဆရာဇမ်နီးမော်တင်အောင်ရေး တဲ့ 'မြိုင်'ဆိုတဲ့ စာအုပ်ထဲက ဇာတ်ကောင်မြိုင်နဲ့ သူ့ရဲ့ အမျိုး သား ကိုတင်ဦး ကတော့ အဲလိုမဟုတ်ဘူး။ ကိုတင်ဦးက အများ အတွက် မိသားစုကို သိပ်အလေးမထားပဲ အလုပ်လုပ် တယ်။ ကိုယ့်ရဲ့ ဇနီးမယား၊ ကိုယ့်ရဲ့ မိသားစုဟာလည်း အများ ပြည်သူထဲက အစိတ်အပိုင်းတစ်ခု ဖြစ်တယ်။ သူတို့ကိုလည်း တန်ဖိုးထားပြီး အချိန်ပေးရမယ့် စိတ်မျိုး သူ့မှာ မရှိဘူး။

ဒါလည်း အစွန်းတစ်ဖက်ကို ရောက်နေတာပဲ။ နောက်အစွန်း တစ်ခုက ဒီထက် ပိုဆိုးတယ်။ လူအများ ဆိုတာကို မစဉ်းစားဘဲ ကိုယ့်မိသားစု အတွက်ပဲ အလုပ်လုပ်တဲ့သူမျိုး ပေါ့။ ဒီအစွန်းက ပထမအစွန်းထက် ပိုဆိုး တယ်။ ဒါပေမယ့် အစွန်းနှစ် ဘက်စလုံးလွတ်အောင် နေနိုင်ရင်တော့ အကောင်းဆုံးပေါ့။ အများ အတွက် အလုပ်လုပ်ရမယ်။ တချိန်တည်းမှာ လည်း ကိုယ့်မိသားစုကိုလည်း အလေးထားရမယ်။ ကိုယ့်မိသားစုအတွက် အလုပ် လုပ်ရမယ်။ တချိန်တည်းမှာ ပဲ အများ အတွက်လည်း ထည့်သွင်းစဉ်းစားရ လိမ့်မယ်။ ဒါမှလည်း လူသားဆန်တဲ့..လူပီသတဲ့ လူ ဖြစ်လိမ့်မယ်။ နောက် တစ်ခု မင်းကိုငါ ပြောချင်တာက.. ပညာရှာဖွေမှု အပိုင်းပဲ..။ စု၊ တု၊ ပြုဆိုတဲ့ စကားကို မင်းကြားဖူးမှာ ပေါ့။ ငါတို့ထက် အတွေ့အကြုံရင့်ကျက်တဲ့ သူတွေ ပြောတာ၊ ရေး ထားတာတွေ ကို ဖတ်ရှုရမယ်၊ မှတ်သားရမယ်။

လိုအပ်ရင် စုဆောင်းရမယ်။ ဒါက..စု...။ အဲဒီ့ အတွက် စာများ များ ဖတ်ရမယ်။ စင်မီနာတွေ ၊ ပြပွဲတွေ ၊ ဟောပြောပွဲတွေ ကို သွားရမယ်။ အင်တာနက်ထဲမှာ လဲ ရှာဖွေဖတ်ရှုမှတ်သားပြီး စုဆောင်းထားရမယ်။ နောက် ပြီးတော့ သူတို့ကို အတုခိုးတတ်ရမယ်။ ကိုယ်အားကျတဲ့သူ.. ကိုယ်လေးစား တဲ့သူတွေ ကို အတုခိုးရမယ်။ ဒါက တု..။ နောက်ဆုံးတစ်ခုက ပြု..။ စုဆောင်းထားတာတွေ လေ့လာ၊ အတုခိုးတာတွေ မှာ အတွေ့အကြုံယူပြီး ..ကိုယ်တိုင်ပြုလုပ်နိုင်တဲ့ အဆင့်ကိုတက်လှမ်းနိုင်အောင် ကြိုး စားရလိမ့်မယ်။ အင်္ဂလိပ်လိုပြောရင်တော့... collect, imitate, create ..ပေါ့။ ဒီနေရာမှာ လည်း လူသုံးမျိုး ကွဲသွားတယ်။ ပထမလူက စု အဆင့်မှာ ပဲ ရပ်နေတယ်။ သူ့ဆီမှာ သူများ

ပြောတဲ့အချက်အလက်တွေ ၊ အေ တွေ ၊ စကားတွေ အကုန်ရှိ တယ်။ သူ့ပါးစပ်ကနေ အဲဒါတွေ ပဲ ထွက်ထွက်ကျလာတယ်။ ဘယ်သူက ဘာပြောတယ်...။ ဘယ်သူ ကတော့ဘယ်လို စသည်ဖြင့် ပေါ့...။ ဒုတိယ လူ ကတော့ စု အဆင့်ကို ကျော်တော့ကျော်ပါရဲ့ ။ ဒါပေမယ့် သူကလည်း တု အဆင့်မှာ ပဲ ရပ်နေတယ်။ သူလုပ်သမျှအလုပ်တွေ ၊ သူပြောသမျှစကား တွေ ၊ သူဖန်တီးသမျှတွေ အားလုံးဟာ သူများ သုံးပြီးသားအဟောင်းတွေ ချည်းပဲ ဖြစ်နေတယ်။ အသစ်တွေ ကို သူတို့ဆီကမျှော်လင့်လို့မရဘူး။ တတိယ လူ ကတော့ ပြုဆိုတဲ့ အဆင့်ထိတက် လှမ်းနိုင်တယ်။ ဖတ်တယ်၊ မှတ်တယ်၊ လေ့လာတယ်၊ စုဆောင်းတယ်... လိုအပ်ရင် အတုခိုးတယ်..ဒါပေမယ့် အဲဒီ အဆင့်မှာ ရပ်မနေပဲ စုထားသမျှ တုထားသမျှတွေ ကို အကူပစ္စည်း တစ်ခုသဖွယ် အသုံးချပြီး အသစ်တစ်ခုကို ကိုယ်တိုင်ဖန်တီး ပြုလုပ်လာနိုင် အောင် ကြိုး စားအားထုတ်ကြတယ်...။ အဲဒီ လို လူတွေ ရှိနေလို့သာ ငါတို့ရဲ့ ကမ္ဘာကြီးက လတ်ဆတ်နေတာပေါ့..။ ငါတို့လို လူငယ်တွေ အနေနဲ့ အဲဒီ အဆင့်တွေ ကို တစ်ဆင့် ချင်း ဖြတ်သန်းဖို့လိုလိမ့်မယ်။ အမိက ကတော့ တစ်ဆင့်ချင်းတက်ပါ။ အမြင့်ဆုံးထိရောက်အောင်တက်ပါ။ ပြီးရင်အောက်ကို တော့ နည်းနည်း ပြန်ငုံ့ကြည့်ပါ။ အဲဒီ တော့ မင်း စာများများ ဖတ်ပါ..။ အခုပညာရပ်ဆိုင်ရာ ဟောပြောပွဲတွေ လုပ်နေတာကိုလဲ ဖြစ်နိုင်ရင် သွားပါ..။ ညီလေးရေ...အခု ငါက အားလုံးနဲ့ ခွဲခွာနေရတယ်။ တကယ်ဆိုရင် ဒီ အခြေအနေကြီးဟာ သမာရိုးကျ တွေ းကြည့်မယ်ဆိုရင်တော့ ငါ့အတွက်ရော၊ မိသားစုအတွက် ဆိုးဝါးတဲ့ အခြေအနေတစ်ခုပါ။ ဒါပေမယ့် ဒီလိုပြောင်း တွေ းကြည့်စမ်း..။ ငါ မရှိတဲ့အတွက် မင်းဟာ အိမ်က အလုပ်ကို ဦးစီးရပြီး တာဝန်သိစိတ်တွေ တိုးလာမယ်။ လုပ်ငန်းသဘောသဘာဝ နဲ့ ပညာရပ် အမြင်တွေ လဲ တိုးလာမယ်ဆိုရင် ဒါဟာ ငါတို့ မိသားစုအတွက်အမြတ်ပဲပေါ့ ..။ ငါ့အတွက်ကလဲ ဘာမှအရှုံးမရှိပါဘူး..။ တိုင်းပြည်နဲ့ မိသားစုအတွက် ဘာမှ ကိုယ်ထိလက်ရောက်လုပ်မပေးနိုင်တာကလွဲလို့ အားလုံးအဆင်ပြေ ပါတယ်..။ စာလည်းရှည်နေပြီ။ ငါဖတ်ဖူးတဲ့ စာအုပ်တစ်အုပ်ထဲက ညီမျှခြင်းလေးတစ်ခုနဲ့ ငါ့စာကို အဆုံးသတ်မယ်..။

$E+R=O$

E=Event (အ ဖြစ်အပျက်)

R=Response (တုံ့ပြန်မှု )

O=Outcome (ရလဒ်)

ဖြစ်ပျက်နေတဲ့ အ ဖြစ်အပျက်တွေ ကတော့ အားလုံးအတွက် အတူတူ ပါပဲ။ ဒါပေမယ့် အဲဒီ့ အ ဖြစ်အပျက်တွေ ကို ဘယ်လို တုံ့ပြန်သလဲ အပေါ်မှာ မူတည်ပြီး.. ရလာဒ်တွေ ကွဲသွားတတ်တယ်။ တခါတခါမှာ အ ဖြစ်အပျက် တွေ က ကိုယ်ဘယ်လိုမှ ရှောင်လွဲငြင်းဆန်လို့ မရတာ မျိုး တွေ ရှိတယ်။ ဒါပေမယ့်..ငါတို့ရဲ့ တုံ့ပြန်မှု တွေ ကိုတော့ ငါတို့ပဲပိုင်တယ်..။ အဲဒီ တော့ အ ဖြစ်အပျက်တွေ တိုင်းကို ကိုယ့်ဘက်က ဘယ်လိုတုံ့ပြန်မလဲဆိုတာကို မှန်မှန်ကန်ကန် ရွေးချယ်တတ်ဖို့လိုလိမ့်မယ်..။ ငါ့ညီရေ..ဘယ်လိုအ ဖြစ် အပျက်တွေ ဖြစ်လာပါစေ.. ကောင်းသော ရလာဒ်တွေ ထွက်လာဖို့ ကောင်းသော တုံ့ပြန်မှု တွေ ကိုပဲ ငါတို့ တုံ့ပြန်ကြတာပေ့ါ..။ အဲဒီ့ လို ဖြစ်ဖို့ အတွက်ကလဲ သိပ်တော့ မခက်လှပါဘူးကွာ..။ မင်းလဲ ဗုဒ္ဓဘာသာ မြန်မာလူမျိုး တစ်ယောက် ပဲ ဗုဒ္ဓဘာသာရဲ့ အနှစ် သာရ ဗုဒ္ဓရဲ့ ဆုံးမဩဝါဒတစ်ခုကိုပဲ နှလုံးသွင်းပေ့ါ..။ အဲဒါက မကောင်းမှု ရှောင်၊ ကောင်းမှု ဆောင်၊ ဖြူအောင်စိတ်ကိုထား..တဲ့။ ဒါပဲ.. ငါ့ညီရေ..နောက်တော့ ထပ်ရေး ပါအုံးမယ်..။

ချစ်ခြင်းမေတ္တာကိုမြတ်နိုးပါ၊

ဉာဏ်ပညာကိုတန်ဖိုးထားပါ၊

အနုပညာကိုခံစားတတ်ပါစေ။

မင်းရဲ့

ကိုလတ်

31.03.09(TUE)

*

## ညီလေးရေ-၂

ဘယ်လိုအခြေအနေမျိုးပဲရောက်ရောက် ဘယ်တော့မှ စိတ်ဓာတ် မကျပါနဲ့.....။

အဲဒီ အခြေအနေရဲ့ ထူးခြားချက်၊ အားသာချက်၊ ကောင်းကွက်တွေ ကို တွေ့အောင်ရှာပါ။

ပြီးရင် အဲဒီ ကောင်း ကွက်လေးတွေ ရဲ့ အရသာကို ခံစားပါ....။

*

ညီလေးရေ...

အခုအချိန်လောက်ဆို အရင်တစ်ခေါက်က စာကိုမင်း ဖတ်ပြီး လောက်ရောပေါ့။ ငါပြောတဲ့အကြောင်းအရာတွေ ကို မင်းသဘောပေါက်ရဲ့ လား။ ပြီးတော့ အကြောင်းအရာတွေ နဲ့ ပတ်သက်ပြီး ရှေ့ဆက်တွေ း ဖြစ်ရဲ့ လား။ ရမယ်စဉ်းစားတွေ းခေါ်ရမယ်။ ဘယ်သူက ကိုယ့်ကိုဘာတွေ ပဲ လာပြောပြော၊ ဘယ်လို အကြောင်းအရာတွေ ကိုပဲ လေ့လာလေ့လာ ကြားလိုက်ရတာ ၊ မြင်လိုက်ရတာ ၊ ခံစားလိုက်ရတာ တွေ ထက်ပိုတဲ့ သိမှု ပညာအဆင့်ကို ရောက် သွားဖို့ ကိုယ်ပိုင်ဉာဏ်နဲ့ စဉ်းစားတွေ းခေါ်ဖို့ အသေအချာကို လိုအပ်တယ်။ ငါက မင်းကို ငါ့ညီ တစ်ယောက် အနေနဲ့ရော၊ သူငယ်ချင်း တစ်ယောက် အနေနဲ့ရော တန်ဖိုးရှိတဲ့ သူ တစ်ယောက် ဖြစ်စေချင်တယ်။ လူ တစ်ယောက် ရဲ့ တန်ဖိုးဆိုတဲ့ နေရာမှာ ငါ့အနေနဲ့ ကတော့ နှစ် မျိုးခွဲပြီး မြင်မိတယ်။ အသုံးချတန်ဖိုးနဲ့

ပကတိတန်ဖိုးဆိုပြီးတော့လေ။ အသုံးချတန်ဖိုးဆိုတာ ကတော့ ရှင်းပါတယ်။ အဲဒီ လူ တစ်ယောက် ဘယ်လောက်အသုံးဝင်သလဲ၊ အသုံးကျသလဲဆိုတဲ့အပေါ်မှာ တိုင်းတာတယ်။ အဲဒီ မှာ သူ့အတွက်ပဲသူ အသုံးဝင် တဲ့သူ၊ လူတစ်ဦး တစ်ယောက် အတွက် အသုံးဝင်တဲ့သူ၊ မိသားစုအတွက် အသုံးဝင်တဲ့သူ၊ တစ်ကမ္ဘာလုံးအတွက် အသုံးဝင်တဲ့သူစသည်ဖြင့် သူ့ရဲ့ အသုံးဝင်မှု အဝန်းအဝိုင်း ဘယ်လောက်ကျယ်သလဲဆိုတဲ့အပေါ်မှာ မူတည်ပြီး အသုံးချတန်ဖိုး အနည်းအများ ကွဲပြားကြလိမ့်မယ်။ နောက်တစ်ခုက ပကတိတန်ဖိုး အဲဒီ ပကတိတန်ဖိုးဆိုတာ ကတော့ လူ တစ်ယောက် ရဲ့ စိတ်ပိုင်းဆိုင်ရာ အနေအထားတွေ နဲ့ သူ့ရဲ့ ဖြတ်သန်းမှု တွေ မှာ သူဘယ်လို ရပ်တည်ခဲ့သလဲဆိုတဲ့အပေါ်တွေ မှာ တိုင်းတာရမယ်ထင်တယ်။ အရှင်းဆုံး ထပ်ပြောရရင်တော့ အသုံးချတန်ဖိုးဆိုတာ သူဘာလဲဆိုတာနဲ့ ဆက်နွှယ်တယ်၊ ပကတိတန်ဖိုး ကတော့ သူ ဘယ်လိုလူလဲဆိုတဲ့ မေးခွန်းနဲ့ပိုပြီး ဆက်နွှယ် လိမ့်မယ်။ အသုံးချတန်ဖိုးက မင်း အသုံးဝင်နေသရွေ့အထိ တာရှည်ခံတယ်။ ပကတိတန်ဖိုး ကတော့ အခုလက်ရှိအသုံးဝင်နေခြင်းဆိုတဲ့ အနေအထားရဲ့ အလွန်အထိ တာရှည်ခံတယ်။ နားရှုပ်သွားပြီလား။ ပကတိတန်ဖိုးဆိုတာနဲ့ ပတ်သက်ပြီး နည်းနည်း ထပ်ရှင်းဖို့လိုမယ်ထင်တယ်။ အခုလက်ရှိအချိန်မှာ ဘယ်သူ့တွက်မှ ဘာမှ လုပ်ပေးနေစရာ မလိုဘဲ သူ့ရဲ့ အရိုတရား(ဒါမှမဟုတ်) သူရှိခဲ့တယ်ဆိုတဲ့ အမှန်တရားတစ်ခုနဲ့တင် တန်ဖိုးရှိနေတာမျိုးလေ။ အမြင့်ဆုံး ဥပမာပေးရရင်တော့ အနှိုင်းမဲ့ ပကတိတန်ဖိုးပိုင်ရှင်ဟာ ဗုဒ္ဓမြတ်စွာ ဘုရားပဲ။ အခြားဥပမာတွေ ကိုတော့ မင်းဘာသာမင်းစဉ်းစားကြည့်ပေါ့။

မင်းနောက်ပိုင်းကျရင် ကြုံလာလိမ့်မယ်။ အသုံးချတန်ဖိုး မြင့်ပေမယ့် ပကတိတန်းဖိုးနိမ့်တဲ့သူတွေ ။ ဘယ်လိုလူတွေ လဲဆိုတော့ ပညာတွေ အရမ်းတတ်ပြီး မာန်တက်နေတဲ့ လူမျိုးတွေ ပေါ့။ အဲဒီ လိုလူမျိုး တွေ က သူ ဘာအလုပ်မှ မလုပ်နိုင်တော့တဲ့တစ်နေ့ ဘာတန်ဖိုးမှ မရှိတဲ့ လူ ဖြစ်သွားမှာ ပါ။ သိပ်ကြောက်ဖို့ကောင်းတယ်။ အသုံးချတန်ဖိုးနဲ့ ပကတိ တန်ဖိုးရဲ့ ကြား သိမ်မွေ့တဲ့ ဆက်နွှယ်မှု တစ်ခုတော့ရှိတယ်။ အဲဒါက ဘာလဲ ဆိုတော့ ပရဟိတစိတ်နဲ့ စေတနာပဲ။ ဘာတွေ ပဲ လုပ်လုပ် အတ္တစိတ်မှာ အခြေမခံဘဲ ပရဟိတစိတ်နဲ့

စေတနာအရင်းခံပြီးလုပ်မယ်ဆိုရင် အဲဒီ သူရဲ့ အသုံးချတန်ဖိုးဟာ ပကတိတန်ဖိုး ဖြစ်လာလိမ့်မယ်။ အဲဒီ တော့ ငါ့ညီရေ ဖြစ်နိုင်ရင် တလောကလုံးအတွက် အသုံးဝင်တဲ့အသုံးချတန်ဖိုး မြင့်မားသူ ဖြစ်အောင်ကြိုး စားပါ။ ပြီးတော့ ဘာကိုပဲလုပ်လုပ် ပရဟိတစိတ်၊ စေတနာ တွေ အရင်းခံလုပ်ရင်း ကိုယ့်ရဲ့ အသုံးချတန်ဖိုးကို ပကတိတန်ဖိုးအဆင့်ရောက် အောင် မြှင့်တင်ပါ။ ပြီးတော့ ကိုယ့်ရဲ့ ဖြတ်သန်းမှု တိုင်းမှာ သတိတရား မြဲမြဲစွာ နဲ့ ကိုယ်ကျင့်တရား ထိန်းနိုင်အောင် ကြိုး စားရင်း ပကတိတန်ဖိုးမြင့်သူ တစ်ယောက် ဖြစ်အောင် ကိုယ့်ကိုယ်ကိုယ် ပျိုးထောင်ပါလို့ ငါပြောချင်တယ်။

လူ့တန်ဖိုးဆိုတဲ့ စကားလုံးနဲ့ တစ်ဆက်တည်းပဲ ငါဆက်ပြောချင် တာက မင်းကြားဖူးမှာ ပေါ့။ ဆရာဇန်းမော်တင်အောင် မကွယ်လွန်မီပြော သွားတဲ့ စကားလေ၊ 'လူ တစ်ယောက် ရဲ့ တန်ဖိုးဟာ သူဖြတ်သန်းကျော်လွှား နေတဲ့ ခေတ်ကြီးက သူ့ပခုံးပေါ်တင်ပေးလိုက် တဲ့ သမိုင်းတာဝန်ကို သူဘယ် လောက်သယ်ပိုးထမ်းဆောင်ခဲ့တယ်ဆိုတဲ့ အချက်နဲ့တိုင်းတာရမှာ ပဲ'တဲ့။ ဒါ ကတော့ ဆရာဇန်းမော်တင်အောင် ပြောခဲ့တဲ့စကားပေါ့။ အဲဒီ အထဲမှာ ငါ အဓိက ပြောချင်တာက သမိုင်းတာဝန်ဆိုတဲ့ စကားပဲ။ လူတိုင်းမှာ သမိုင်းတာဝန်ဆိုတာ ရှိတယ်။ အဲဒီ သမိုင်းတာဝန်က ဘာလဲဆိုတာကို သိနိုင်ဖို့ ငါတို့သမိုင်းကို လေ့လာဖို့လိုလိမ့်မယ်။ သမိုင်းကို မလေ့လာဘဲနဲ့ရော မသိ နိုင်ဘူးလားလို့ ပြောစရာရှိတယ်။ သိတော့သိနိုင်တယ်။ ဒါပေမဲ့ သမိုင်းကို သေသေချာချာ မလေ့လာထားဘဲ သိတဲ့အသိက မပြည့်စုံနိုင်ဘူး။ မခိုင်မာ ဘူးလို့တော့ ပြောလို့ရတယ်။ အဲဒီ တော့ သမိုင်းကိုလေ့လာပါ။ အဲဒါမှ မင်းရဲ့ ပခုံးပေါ်ကို ခေတ်က တင်ပေးမယ့် သမိုင်းတာဝန်ဆိုတာ ဒါကြီးပါ လားဆိုပြီး မင်းအသေအချာကို သိလာလိမ့်မယ်။ မြန်မာနိုင်ငံသားတစ် ယောက် အနေနဲ့ မြန်မာ့သမိုင်းကို လေ့လာရမယ်။ ကမ္ဘာသူကမ္ဘာသား တစ်ယောက် အနေနဲ့ ကမ္ဘာ့သမိုင်းကို လေ့လာရမယ်။ အဲဒါမှ ကမ္ဘာကြီး အတွက် ငါ လုပ်ပေးရမယ့် ငါ့တာဝန်က ဘာလဲဆိုတာကို သိနိုင်လိမ့်မယ်။ ကိုယ့်တာဝန်ကိုယ်သိပြီး အဲဒီ တာဝန်ကို ကျေကျေပွန်ပွန်ထမ်းရွက်ဖို့ ကြိုး စားမှသာ တန်ဖိုးရှိတဲ့သူ ဖြစ်လိမ့်မယ်။

ငါ့ညီရေ … မင်းငယ်သေးပေမယ့် အခုအသက်အရွယ်ထိ မင်း ဖြတ်သန်းခဲ့ပြီးတဲ့ ကာလတစ်လျှောက်မှာ မင်းကြုံတွေ့နေရတာ တွေ အားလုံး ဟာ မင်းရဲ့ စိတ်နဲ့ ထပ်တူညီရဲ့လား။ မညီဘူးနော် ဟုတ်တယ် ငါတို့ရဲ့ စိတ်ဆန္ဒနဲ့ မကိုက်ညီတဲ့ အခြေအနေတွေ ဟာ ငါတို့မလိုချင်ပေမယ့်လည်း ငါတို့ဆီ ရောက်ရောက်လာတာပဲလေ။ အဲဒီ တော့ ဘယ်လိုလုပ်ကြမလဲ။ မလိုချင်ပါဘူးဆိုနေမှ ကိုယ့်ရှေ့တည့်တည့်ကို ပြုတ်ကျလာတဲ့ ကံကြမ္မာကို ငါတို့ ဘယ်လိုတုံ့ပြန်ကြမလဲ။ ငြင်းဆန်လို့ရနေသရွေ့တော့ အားတင်းငြင်းဆန်ရုံပေါ့။ ငြင်းဆန်လို့ ဘယ်လိုမှ မရတော့ဘူးဆိုတာ သေချာသွားရင် တော့ လက်ခံလိုက်ရတော့မှာ ပဲပေါ့။ ဒါပေမဲ့ ဒီအတိုင်းကြီးတော့ လက်မခံ လိုက်နဲ့ကွာ။ ပုံသဏ္ဌာန်ပြောင်းပြီး ငါတို့လက်ခံကြမယ်။ မင်းကြားဖူးလားတော့ မသိဘူး။ ဆော့ခရတ္တိစ်ပြောတာ မိန်းမသာ ယူလိုက်ပါတဲ့။ မိန်းမကောင်းကို ရတော့ သာယာတဲ့အိမ်ထောင်ရေး သုခကိုခံစားရတာ ပေါ့တဲ့။ မကောင်းတဲ့ မိန်းမကိုရတော့လည်း သင်အအတွေးအခေါ်ပညာရှင် ဖြစ်သွားနိုင်တာပေါ့တဲ့။ ရယ်စရာကောင်းတဲ့ ဟာသတစ်ခုဆိုတာထက်ပိုတဲ့ အနှစ် သာရတစ်ခု အဲဒီ စာကြောင်းလေးထဲမှာ ရှိတယ်။ အဲဒါဘာလဲဆိုတော့ ဘယ်လောက်ဆိုးဝါး တဲ့အခြေအနေတစ်ခု ဖြစ်ပါစေ၊ အဲဒီ အခြေအနေမှာ အနည်းဆုံးကောင်းကွက် တစ်ခုတော့ရှိတယ် ဆိုတာပဲ။ ငါတို့က အဲဒါကို တွေ့အောင်ရှာတတ်ဖို့ပဲ လိုတယ်လေ။ လမ်းပေါ်က သူတောင်းစားနဲ့ သူဌေးသားဘယ်သူက အိပ်မက်လှလှပိုများ မယ်လို့ မင်းထင်လဲ။ အဲဒီ တော့ ဘယ်လိုအခြေအနေမျိုးပဲ ရောက်ရောက် ဘယ်တော့မှ စိတ်ဓာတ်မကျပါနဲ့၊ အဲဒီ အခြေအနေရဲ့ ထူးခြား ချက်၊ အားသာချက်၊ ကောင်းကွက်တွေ ကို တွေ့အောင်ရှာပါ။ ပြီးရင် အဲဒီ ကောင်းကွက်လေးတွေ ရဲ့ အရသာကို ခံစားပါ။ ပျော်စရာကောင်းပါတယ်။ ငြင်းဆန်လို့မရတဲ့ လောကဓံတရားတွေ နဲ့ ကြုံလာတဲ့အခါ အဲဒါတွေ ကို ပုံသဏ္ဌာန်ပြောင်းပြီး လက်ခံနိုင်အောင် ကြိုး စားပါ။ နောက်ကြုံတဲ့အခါ ဥပမာတွေ ပေးပြီး ငါအေးအေးဆေးဆေးမင်းကို ရှင်းပြပါဦးမယ်။ အခုတော့ မင်းကိုယ်တိုင်ပဲ ဆက်စဉ်းစားကြည့်ဦးပေါ့။

အရင်တစ်ခါတုန်းက ညီမှုခြင်းလေးတစ်ကြောင်းနဲ့ အဆုံးသတ် ထားတယ်။

အခုလည်းငါစဥ်းစားမိထားတဲ့ ညီမျှခြင်းနှစ် ကြောင်းနဲ့မင်းကို ရေး ပြမယ်။

Ɛvent + Ɛgo = Ɛmotion

Ɛmotion + Ɛxit = Ɛffect

ညီမျှခြင်း နှစ် ခုလုံးမှာ Ɛ တွေ ပါတော့ Ɛ ခြောက်လုံးသီအိုရီလို့ အမည် တပ်ချင်လည်းတပ်ပေါ့။ အဓိပ္ပာယ် ကတော့ ရှင်းရှင်းလေးပါ။ အ ဖြစ် အပျက် (Ɛvent)တွေ ကို အတ္တစိတ် (Ɛgo)နဲ့ပေါင်းမကြည့်ရင် ဘာမှမ ဖြစ်ဘူး။ အဲ ပေါင်းမိပြီဆိုရင်တော့ စိတ်လှုပ်ရှားမှု (Ɛmotion) ဖြစ်လာမှာ ပဲ။ ဖြစ်လာတဲ့ စိတ်လှုပ်ရှားမှု ကလည်း သူ့ဘာသာသူ စိတ်ထဲမှာ ပဲ နေရင် ဘာမှမ ဖြစ်သေးဘူး။ ထွက်ပေါက် (Ɛxit)နဲ့တွေ့ရင်တော့ အပြင် ထွက်လာပြီး ဝန်းကျင်ကိုအကျိုးဆက် (Ɛffect)တွေ သက်ရောက်တော့တာ ပဲ။ အဲဒါလေးပါ။ ငါတို့က ပုထုဇဥ်တွေ ဆိုတော့ Ɛvent နဲ့ Ɛgo ကို မခွဲမထားတတ်သေးဘူး။ အဲဒီ တော့ Ɛmotion တွေ လည်း ဖြစ်နေမှာ ပဲ။Ɛmotion ကလည်း Ɛxit ကို လိုက်ရှာပြီး မတွေ့မချင်း စိတ်ထဲမှာ ကလိကလိ ဖြစ်နေမှာ အဲဒီ တော့ Ɛxit တစ်ခုကိုတော့ ဖွင့်ပေးရမှာ ပေါ့။ Ɛxit ဖွင့်လိုက်ပြီဆိုတာနဲ့ Ɛffect က ဖြစ်လာပြီဆိုတော့ကာ ကောင်းသော အကျိုးဆက်တွေ ဖြစ်လာနိုင်တဲ့ ကောင်းသော ထွက်ပေါက်ကို ပဲ ရှာဖွင့်မိဖို့ ကြိုး စားရမယ်။ စိတ်ခံစားမှု တွေ ကိုလည်း အတ္တနည်းသထက် နည်းအောင် စစ်ယူရမယ်။ အကောင်းဆုံး ကတော့ အ ဖြစ်အပျက်တွေ တိုင်း ကို အတ္တထည့်မပေါင်းဘဲ သူ့အတိုင်းမြင်အောင်ကြည့်နိုင်ဖို့ပေါ့။ ဒါ ကတော့ ဘာသာရေး ဘက် နည်းနည်း ရောက်သွားတယ်။ နောက်တော့ မင်းသိလာပါ လိမ့်မယ်။ တချို့တွေ ပြောကြတာ မင်းကြားဖူးမှာ ပေါ့။ အရာရာကို စိတ်ခံစား မှု နဲ့ မဆုံးဖြတ်နဲ့ဆိုတာလေ။ အဲဒါကလည်း ညီမျှခြင်းထဲမှာ အကျုံး ဝင်လိမ့် မယ်။ Ɛxit ကို လိုက်ရှာတဲ့အခါမှာ Ɛmotion နဲ့အတူ အသိဉာဏ်ပညာ (Wisdom)ကို ထည့်ပေးလိုက် နိုင်မယ်ဆိုရင်တော့ အကျိုးဆက်(Ɛffect)တွေ ကောင်းလာနိုင်စရာ ရှိတယ်လို့ ပြောလို့ရတယ်။ မင်းလည်းလိုသလို ဆက် တွေးကြည့်ပေါ့။

ဒါပဲလေ။ နောက်တော့ ထပ်ပြောသေးတာပေါ့။

ချစ်ခြင်း မေတ္တာကို မြတ်နိုးပါ။

ဉာဏ်ပညာကိုတန်ဖိုးထားပါ။

အနုပညာကို ခံစားတတ်ပါစေ။

မင်းရဲ့ ကိုလတ်

(၁၂.၅.၂၀၀၉)

*

# ညီလေးရေ-၃

ညီလေးရေ…

ငယ်ငယ်က သင်ရတဲ့ ညီမျှခြင်းလေးတစ်ခုရှိတယ်။ $KE = 1/2mv2$ တဲ့။ KE ဆိုတာ အရွေ့စွမ်းအင်၊ v က ဒြပ်ထု၊ ၊ ကတော့ အလျင်ပေါ့။ အဲဒီ ညီမျှခြင်းလေးကို ငါကဒီလိုစဉ်းစားကြည့်တယ်။ စွမ်းအင်တစ်ခုရှိနေဖို့ အလျင်တစ်ခုနဲ့ ရွေ့နေဖို့လိုတယ်လို့။ ငါတို့လိုလူသားတွေ အနေနဲ့လည်း အစွမ်းရှိတဲ့သူတွေ ဖြစ်နေဖို့ ရွေ့နေဖို့လိုတယ်လေ။ မင်းရပ်လိုက်တဲ့နေ့ဟာ မင်း စွမ်းအင် မဲ့သွားတဲ့နေ့ပဲ။ ဒီနေရာမှာ ရွေ့နေရမယ်ဆိုတာက စိတ်ပိုင်းဆိုင် ရာပဲ ဖြစ် ဖြစ်၊ ရုပ်ပိုင်းဆိုင်ရာမှာ ပဲ ဖြစ် ဖြစ် တိုးတက်မှု တစ်ခုခုရှိနေရမယ်လို့ ငါဆိုလိုချင်တာ။ မင်းကိုယ်တိုင်ကလွဲလို့ ဘယ်လိုအခြေအနေမျိုးကမှ မင်း ရဲ့ အရွေ့ကို မတားမြစ်နိုင်ဘူးဆိုတာကိုလည်း သိထားဖို့လိုတယ်။ ငါ ပြော ချင်တာက ဘယ်လိုနေရာကိုပဲရောက်ရောက်၊ ဘယ်လိုအခြေအနေမျိုးကိုပဲ ရောက်ရောက် အလျင်တစ်ခုနဲ့ ရွေ့နေတဲ့၊ တိုးတက်မှု ရှိနေတဲ့သူ တစ်ယောက် ဖြစ်အောင်ကြိုး စားနေဖို့ လိုမယ်ဆိုတာပါ။ ဒါမှမင်းဟာစွမ်းအင်ရှိတဲ့သူတစ် ယောက် ဖြစ်ပြီး အဲဒီ စွမ်းအင်နဲ့ ကိုယ့်ရဲ့ ဝန်းကျင်ကို အကျိုးပြုနိုင်တဲ့သူ ဖြစ် မှာ ပေါ့။ ငါက ဒီလိုပြောတော့ လူ တစ်ယောက် ဟာ ရွေ့လျားမှု လုံးဝမရှိတော့ ရင် စွမ်းအင်လုံးဝမဲ့သွားရောလားလို့ မေးစရာရှိလာတယ်။ အဲဒီ မေးခွန်း အတွက် အဖြေကိုညီမျှခြင်းလေးတစ်ခုနဲ့ ခိုင်းနှိုင်းပြချင်တယ်။ $PE= mgh$ တဲ့။ PE က အတည်စွမ်းအင် m ကဒြပ်ထု၊ g က ကမ္ဘာ့ဆွဲအား၊ h ကတော့ အမြင့်။ မင်းက ရွေ့မနေလို့ အရွေ့ စွမ်းအင်မရှိပေမယ့်လည်း မင်းဟာ အမြင့်တစ်နေရာကို ရောက်နေပြီဆိုရင်တော့ Potential Energy လို့ ခေါ်တဲ့ အတည်စွမ်းအင် တစ်ခုရှိနေနိုင်တယ်။ အဲဒီ တော့ စွမ်းအင်ရှိနေတဲ့သူ တစ်ယောက် ဖြစ်ဖို့ အလျင်တစ်ခုခုနဲ့ ရွေ့ချင်ရင်ရွေ့နေ ဒါမှမဟုတ်ရင်တော့ အမြင့်တစ်နေရာမှာ ရှိနေဖို့လိုတယ်လို့ သုံးသပ်လို့ရတယ်။ ဒီနေရာမှာ အမြင့်တစ်နေရာဆိုတာ ဘယ်လိုနေရာလဲ။ ရူပဗေဒသဘောတရားအရတော့ မင်းသစ်ပင်တစ်ပင်ပေါ်ကို တက်နေလိုက်တာနဲ့ အမြင့်တစ်နေရာကို ရောက်သွားပြီး မင်းမှာ

၈၉ ရှိသွားပြီ။ ဒါပေမဲ့ ငါဆိုလိုချင်တာက အဲဒီ အမြင့် မဟုတ်ဘူး။ လူ တစ်ယောက် ကို သူဖြတ်သန်း ခဲ့တဲ့ သူ့ရဲ့ သမိုင်းကိုကြည့်ပြီး လူအများ က တညီတညွတ်တည်း ဦးနှောက်ထဲမှာ ရော နှလုံးသားထဲမှာ ပါ တစ်နေရာစာပေးလိုက် တဲ့ အမြင့်တစ်နေရာကို ပြောချင်တာ။ ငါတို့ ငယ်သေးတဲ့အတွက် အဲဒီ လိုအမြင့်တစ်နေရာမျိုး ကို မရောက်နိုင်သေးဘူး။ အဲဒီ တော့ ငါတို့ဟာ အမြဲတမ်းရွေ့နေအောင် ကြိုး စားနေရမယ်လို့ ငါပြောတာ။ ဒီစွမ်းအင်နှစ် ခုရဲ့ ဥပမာလေးကို ငါ့အရင် စာထဲမှာ ထည့်ရေး ထားတဲ့ ပကတိတန်ဖိုးနဲ့ အသုံးချတန်ဖိုးဆိုတဲ့ ဥပမာလေးနဲ့ ချိတ်ဆက်စဥ်းစား ကြည့်ရင် ပိုကောင်းလိမ့်မယ်။ သဘောတရားက အတူတူပါပဲ။ ၄၉က အသုံးချတန်ဖိုး၊ ၈၉ က ပကတိတန်ဖိုးပေါ့။ အသေးစိတ် ပြောစရာတွေ တော့ အများ ကြီးကျန်သေးတယ်။ အဲဒါတွေ ကိုမင်းလည်း မင်းဘာသာမင်း ဆက်တွေ းကြည့်ပြီး နောက်တော့ဆွေးနွေးကြတာပေါ့။

ဆရာဖေမြင့်ရဲ့ နှလုံးသားအာဟာရ စာအုပ်တစ်အုပ်မှာ ငါဖတ်ဖူး တာလေး သွားသတိရတယ်။ ဂျာနယ်တစ်စောင်ထဲမှာ မဟတ္တမဂန္ဒီရဲ့ ပုံကတွေ ့လိုက်ရလို့ပါ။ ဘာလဲဆိုတော့ တစ်နေ့ဂန္ဒီကြီးက ရထားစီးသွားရင်း သူ့ရဲ့ ဖိနပ်တစ်ဖက်က မတော် တဆ ရထားအောက်ကို ပြုတ်ကျသွားတယ်။ အဲဒီ အခါ သူက ချက်ချင်း ပဲ သူ့ရဲ့ ကျန်တဲ့ဖိနပ် နောက်တစ်ဖက်ကိုပါ ပစ်ချ လိုက်တယ်တဲ့။ ဘာ ဖြစ်လို့လဲလို့မေးကြည့်တော့။ ကောက်ရတဲ့သူတစ်ရံလုံး ရသွားပြီး အဲဒီ သူအတွက် အသုံးဝင်အောင်လို့တဲ့။ စေတနာဆိုတဲ့စကားလုံးနဲ့ တစ်သားတည်းကျနေတဲ့ ဂန္ဒီကြီးရဲ့ ပုံရိပ်ကို ထင်းခနဲပေါ်လွင်စေတဲ့ သိပ်လှတဲ့ ပြကွက်ကလေးပဲ။ ဂန္ဒီကြီးဟာ ကျသွားတဲ့ဖိနပ်တစ်ဖက်အတွက် နှမြော တသ ဖြစ်မနေဘဲ နောက်တစ်ဖက်ကို အလျင်အမြန်ပဲ ပစ်ချထားနိုင်ခဲ့တာ ဘာကြောင့် လဲ။ ကျသွားတဲ့ဖိနပ်တစ်ဖက်အတွက် နှမြောတသ ဖြစ်ခြင်းဟာ အတ္တ အခြေခံတဲ့စိတ်၊ ကောက်ရမယ့်သူအတွက် တစ်ရံလုံးရသွားစေဖို့ ကျန်တစ်ဖက်ကိုပါ ထပ်ပစ်ချပေးတာက ပရဟိတစိတ်တစ်ခုနဲ့ စေတနာ ကောင်းအရင်းခံပြီး ရပ်တည်ခဲ့တဲ့အတွက် သူ့ရဲ့ စိတ်ဟာ အဲဒီ ကောင်းသော စေတနာစိတ်၊ ပရဟိတစိတ်နဲ့ တစ်သားတည်း ဖြစ်နေခဲ့တာပဲလို့ ငါတော့ ယူဆတယ်။ Habit

(အလေ့အကျင့်)ကနေ Character (အမှတ်လက္ခဏာ) ဖြစ်သွားတဲ့ သဘောပဲ။ အရက်သောက်ပါများ ပြီး အရက်စွဲသွားတာမျိုးလည်း အတူတူပဲပေါ့။ ကောင်းသော စိတ်တွေ နဲ့ မိမိကိုယ်ကို အခါခါထုံမွှမ်းပြီး ကောင်းသော အရာတွေ နဲ့ တစ်သားတည်း ဖြစ်သွားတာမျိုးက အားကျ အတုယူစရာပါပဲ။ ဒါပေမဲ့ ခက်တာက မင်းတို့ငါတို့ရဲ့ ပတ်ဝန်းကျင်မှာ မကောင်းသော အရာတွေ နဲ့ အသားတကျနေကြသူတွေ ကိုပဲ တွေ့နေရတာ စိတ်မချမ်းသာစရာပဲ။ ဗုဒ္ဓဘာသာအမြင်အရ ကြည့်ရင်တော့ အဲဒါကို ပါရမီလို့ခေါ်တယ်။ ချစ်ခြင်းမေတ္တာ၊ ဉာဏ်ပညာ၊ အကြင်နာတရား၊ သနားဂရုဏာစတဲ့ကောင်းသော အရာတွေ နဲ့ မင်းရဲ့ စိတ်ကို အဖန်တလဲလဲ ထုံမွှမ်းထားနိုင်မယ်ဆိုရင် မင်းဟာ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ အဲဒီ အရာတွေ နဲ့ တစ်သားတည်း ကျသွားလိမ့်မယ်။ မင်းဆို သီချင်းဆိုရတာ ဝါသနာပါ တယ်။ ဒါလည်း ကောင်းသော အရာပဲ။ သံစဉ်တွေ ဖန်တီး၊ စာသားတွေ သီကျူး အနက်ရှိုင်းဆုံးအထိ ရှူးပစ်လိုက်စမ်းပါ။ မင်းသည်ပင်လျှင် ဂီတ၊ မင်းသည်ပင်လျှင် အနုပညာဆိုတာမျိုး ဖြစ်လာလိမ့်မယ်။ ငါ ကတော့ လူတိုင်းကို လူ့အဖွဲ့အစည်းကို ဒုက္ခမပေးတဲ့၊ သဘာဝ လောကကြီးကို ဒုက္ခမပေးတဲ့ကောင်းသော စိတ်အခြေအနေတွေ ကောင်းသော အရာတွေ နဲ့ပဲ အသားကျနေစေချင်တယ်။ အဲဒီ လိုသာဆို ကမ္ဘာကြီးဟာ တကယ့်ကို အေးချမ်းသာယာပြီး နေချင့်စဖွယ် ဖြစ်မှာ ပဲ။

ငါ့ညီရေ...မင်းကို ဟိုတစ်နေ့ညက ငါစဉ်းစား ဖြစ်ခဲ့တဲ့ အင်္ဂလိပ် စာလုံးလေးတစ်ခုအကြောင်းကို ပြောပြချင်တယ်။ WIPAR တဲ့။ Dictionary တွေ ထဲလိုက်ရှာကြည့်ရင်တော့ မင်းတွေ့ချင်မှတွေ့လိမ့်မယ်။ ငါတို့ ဘဝတစ်လျှောက်လုံးမှာ အမြဲတမ်းအကျုံး ဝင်နေတဲ့ စကားလုံးငါးလုံးရဲ့ အတွဲ အစပ်ကို အတိုကောက်ရေး ထားတာပါ။ ဘာလဲဆိုတော့ Wish...Idea.. Plan..Action ... Result ထပ် အကျယ်ချဲ့ရင်တော့ Have Wish ... got idea ...make plan...take action ...haveresult စိတ်ဆန္ဒရှိ ...အကြံရ...အစီ အစဉ်ဆွဲ...အကောင်အထည်ဖော်...ရလဒ်ထွက်။

အဲဒီ စကားလုံးငါးလုံးရဲ့ အတွဲ အဆက်ကို ငါတို့ရဲ့ ဘဝတစ်လျှောက် လုံးမှာ အသေအချာပဲ၊ အရိုးရှင်းဆုံး ဥပမာတစ်ခု ငါပေးမယ်။ မင်းဗိုက် ဆာလာတယ်ကွာ၊ အဲဒီ တော့

တစ်ခုခုစားဖို့ စိတ်ဆန္ဒရှိလာမယ်။ (Wish)၊ အဲဒီ တော့ မင်း ဘာစားမလဲ၊ ဘယ်မှာ သွားစားမလဲ၊ ဒါမှမဟုတ် စားစရာ တစ်ခုခုရဖို့ ဘယ်လိုဖန်တီးမလဲ။ အဲဒီ အတွက် မင်း Idea ထုတ်ရတော့မယ်။Idea ရသွားပြီဆိုပါတော့ကွာ။ အနီးဆုံးကြေးအိုးဆိုင်မှာ ကြေးအိုးသွားသောက် မယ်ပေါ့၊ (Idea) အဲဒီ အိုင်ဒီယာကို ဘယ်လိုအကောင်အထည်ဖော်မလဲဆိုတာ Plan လိုလာပြီ။ လမ်းလျှောက်သွားမလား၊ ကားစီးမလား၊ ဘယ်လမ်းကသွား မလဲ စသည်ဖြင့် ပေါ့။ အဲဒီ မှာ မင်းကအကောင်းဆုံးနဲ့ အထိရောက်ဆုံး Plan တစ်ခုကို ဆွဲရပြီ။ ဒီလို အစီအစဉ်ဆွဲတဲ့ နေရာမှာ လည်း အစီအစဉ် တစ်ခုတည်းကိုပဲ အသေဆွဲထားမယ်ဆိုရင် အဲဒီ အစီအစဉ်အတိုင်း မ ဖြစ်တဲ့ အခါ ဘာဆက်လုပ် ရမယ်မှန်း မသိ ဖြစ်ပြီး အလုပ်တွေ အားလုံးရပ်တန့်သွား တာမျိုး ဖြစ်တတ်တယ်။ အဲဒီ တော့ အစီအစဉ်ဆွဲတဲ့အခါ ပထမဦးစားပေး Plan A အပြင် လိုအပ်တဲ့အခါ အပြောင်းအလဲလုပ်နိုင်ဖို့အတွက် Back-up Plan (Plan B) ကိုပါ ဆွဲထားဖို့ လိုအပ်တယ်။ အချို့ဆိုရင် Plan B အပြင် Plan C အထိပါ ဆွဲထားတာမျိုးရှိတယ်။ Plan A အတိုင်း သွားနေရာကနေ အခြေအနေတစ်ခုခုကြောင့် ၊ ဒါမှမဟုတ် အခက်အခဲ အတားအဆီးတစ်ခုခု ကြောင့် ရှေ့ဆက်ဖို့ ခက်နေတဲ့အခါမျိုးမှာ Back-up Plan ရှိနေတယ်ဆိုရင် အချိန်ဆွဲနေစရာမလိုဘဲ အစီအစဉ်ပြောင်းပြီး ဆက်သွားလို့ရနိုင်တာပေါ့ကွာ။ အိုကေ ငါတို့အစီအစဉ်အတိုင်း မင်း တကယ်အကောင်အထည်ဖော်ဖို့ လို တယ်။ တကယ်ထလုပ်ရတော့မယ်။ အဲဒီ မှာ ရပ်နေပြီး ထမလုပ်လို့ ကတော့ မင်းငတ်မှာ ပဲ။ အဲဒီ မှာ တကယ်ထလုပ်ရပြီး(Action)။ အဲဒီ အခါမှသာ မင်း ကြေးအိုးဆိုင် ရောက်မယ်။ မင်းမှာ ချင်တာ မှာ စားနိုင်မယ်။ မင်းရဲ့ ပေါ်လာတဲ့စိတ်ဆန္ဒပြည့်ဝမယ်။ သဘော ကတော့ နောက်ဆုံး(Result) ထွက် လာတယ်။ အဲဒီ နောက်ဆုံးထွက်လာတဲ့ Result ဟာ ပထမဆုံး မင်း ဖြစ်တဲ့ စိတ်ဆန္ဒ Will နဲ့ ဘယ်အတိုင်းအတာထိ ထပ်တူကျသလဲမကျဘူးလဲ အပေါ် မှာ မူတည်ပြီး မင်းမှာ ကျေနပ်မှု ၊ မကျေနပ်မှု ၊ အောင်မြင်မှု ၊ မအောင်မြင်မှု တွေ ဖြစ်လာမယ်။ မင်းနားလည်ရဲ့ လား။ ဒါ...ငါက အရိုးရှင်းဆုံး အသေးဆုံး ဥပမာတစ်ခုကို ပြလိုက်တာနော်။ မင်း ဘာပဲလုပ်လုပ် အဲဒီ အဆင့်တွေ ကို ဖြတ်ရတယ်ဆိုတာကို မင်း သေသေချာချာ စဉ်းစားကြည့်ရင် တွေ့လိမ့်မယ်။

အဆင့်တိုင်းအဆင့်တိုင်းဟာ သိပ်ကို အရေး ကြီးတယ်။ မင်းရဲ့ စိတ်ဆန္ဒဟာ ကြီးမားရင် ကြီးမားသလောက် နောက်ပိုင်းက အဆင့်တွေ က ပိုပိုပြီး အရေး ကြီးလာတယ်။ အဆင့်တစ်ခုခုမှာ လိုအပ်သွားတာမျိုး၊ လွဲချော် သွားတာမျိုးတွေ ဖြစ်ခဲ့ရင် ကိုယ့်ရဲ့ စိတ်ဆန္ဒနဲ့ ကိုက်ညီတဲ့ရလဒ်တစ်ခု ထွက်လာမှာ မဟုတ်တော့ဘူး။ သိပ်ကို အရေး ကြီးတယ်။ နောက်ရေးမယ့် စာကျရင် မင်းကို ဥပမာအကြီးကြီးတစ်ခုပေးပြီး တစ်ခုချင်းစီကို အသေးစိတ် ဆွေးနွေးပြနိုင်အောင် ငါ ကြိုး စားလိုက်ဦးမယ်။ အခုလည်း ငါဆိုလိုချင်တာကို မင်းနည်းနည်း တော့ ခံစားမိလိမ့်မယ်ထင်တယ်။ ပြီးတော့ အောက်က စာကြောင်းလေးရေး ပေးလိုက် တယ်။

'နောင်းလူတွေ က ကျွန်တော် တို့ခေတ်ကို လည်ပြန်ငဲ့ကြည့်ပြီး အနုပညာဆိုတာ ဘာလဲလို့ သူတို့ကိုယ်သူတို့ မေးခွန်းပြန်ထုတ်ကြတဲ့အခါ အနုပညာဆိုတာ ဒါတွေ ပဲလို့ လက်ဆုပ်လက်ကိုင်ပြနိုင်လောက်တဲ့အရာ တွေ ကျွန်တော် တို့ဘယ်လောက် ဖန်တီးပြီးခဲ့ကြပြီလဲ၊ ကျွန်တော် တို့အများ ကြီး ကြိုး စားကြရပါဦးမယ်'

ချစ်ခြင်းမေတ္တာကို မြတ်နိုးပါ။

ဉာဏ်ပညာကို တန်ဖိုးထားပါ။

အနုပညာကို ခံစားတတ်ပါစေ။

မင်းရဲ့

နေဘုန်းလတ်

*

# ညီလေးရေ-၄

## မင်းခေတ်မှာ မအောင်မြင်ရင်

မင်းရဲ့ သား ဆက်လုပ် လိမ့်မယ်

မင်းရဲ့ သားခေတ်မှာ မအောင်မြင်ရင်

မင်းရဲ့ မြေး ဆက်လုပ် လိမ့်မယ်၊

*

ညီလေးရေ…

ငါ အရင်စာမှာ တုန်းက ထည့်ရေး လိုက်တဲ့ WIPAR ဆိုတဲ့ စကားလုံးလေးအကြောင်း နည်းနည်း ထပ်ပြောပြမယ်။

Wish,Idea, Plan, Action, Result နော်။ အရင်စာမှာ တုန်းက ငါ ကြေးအိုးသွားစားတာကို ဥပမာပေးခဲ့တယ် မင်းနားလည်မယ်ထင်ပါတယ်။ နားမလည်သေးဘူး ဆိုရင်လဲ ငါ အခုထပ်ပြောတာတွေ ကို ဖတ်လိုက်ရင် နားလည်သွားမှာပါ။ အဲဒီ စကားလုံးအစဉ်လေးကို ကြည့်မယ်ဆိုရင် ကောင်း သော Result တွေ ရဖို့ ကောင်းသော Wish တွေ ကနေ အစပြုရမယ်ဆိုတာ မြင်သာပါတယ်။ အစကတည်းက ကောင်းသော စိတ်ဆန္ဒ (Wish)မ ဖြစ်ခဲ့ ဘူးဆိုရင် ကောင်းသော ရလဒ် (Result) လည်း ထွက်လာတော့မှာ မဟုတ်ဘူး။ လူအချို့ က စတောင်မစရသေးဘူး လွဲနေပြီဆိုသလိုပဲ အဲဒီ (Wish) မှာ ကတည်း ကစလွဲကြတယ်။ အစကမကောင်းမှတော့ အဆုံးကဆိုးပြီပေါ့ကွာ။ မကောင်း တဲ့လူတွေ တော် နေတဲ့အခါ ကမ္ဘာလောကကြီးတစ်ခုလုံးဟာ အဲဒီ လူတွေ ရဲ့ ဒဏ်ကိုခါးစည်းခံရတယ်။ ဒီလိုပြောလို့ လဲရတယ်။ မကောင်းတဲ့ လူတွေ ရဲ့ မကောင်းတဲ့ စိတ်ဆန္ဒတွေ ကို လူတော် တွေ က ကိုယ်ကျိုး ပဲကြည့်ပြီး နောက် ပိုင်း Idea တို့ Plan တို့ Action တို့ကို ပိုင်းပံ့ပိုးပေးကြတဲ့အခါ ဖြစ်လာတဲ့ ရလဒ်ဆိုးတွေ ရဲ့ ဒဏ်ကို ကမ္ဘာလောကကြီးတစ်ခုလုံး ခံစားကြရတယ်။ အဲဒီ တော့ ပထမဆုံး ဖြစ်တဲ့ Wishဟာအရေး

အကြီးဆုံးလို့ပြောရမယ်။ ကောင်းသော စိတ်ဆန္ဒတွေ တော့ ဖြစ်ပါရဲ့ ။ အဲဒီ စိတ်ဆန္ဒတွေ ကို ဘယ်လို အကောင် အထည်ဖော်မလဲဆိုတဲ့ စိတ်ကူးစိတ်သန်း (Idea)ကလည်း သိပ်ကို အရေး ကြီးတယ်။ သိပ်ကောင်းတဲ့ စိတ်ဆန္ဒတွေ ဟာ ညံ့ဖျင်းတဲ့စိတ်ကူး စိတ်သန်းတွေ ကြောင့် ပြည့်စုံကောင်းမွန်တဲ့ ရလဒ်ကောင်းတစ်ခု ထွက်မလာ တာမျိုး တွေ ငါတို့ ခဏခဏတွေ ့နိုင်တယ်။ ဒီနေရာမှာ စိတ်ကူးယဉ်နေရုံ သက်သက်မဟုတ်ဘဲ ကိုယ့်ရဲ့ စိတ်ဆန္ဒကို အမှန်တကယ် အကောင်အထည် ဖော်ချင်တာဆိုရင်တော့ ကိုယ့်စဉ်းစားလိုက်တဲ့ စိတ်ကူးစိတ်သန်းဟာ လက်တွေ ့ကျဖို့ တကယ့်အရှိတရားတွေ နဲ့ ကင်းလွတ်မနေဖို့ လိုအပ်တယ်။

ငါတို့ငယ်ငယ်က သင်္ချာတွက်သလိုပေါ့။ ပုစ္ဆာတစ်ပုဒ်မှာ ပေးထား ချက်တွေ အမြဲပါတယ်။ အဲဒီ ပေးထားချက် အပြင်ဘက်ကအရာတွေ ကို တကယ်လိုအပ်တယ်ဆိုရင်တောင် ငါတို့ ယူသုံးခွင့် မရှိဘူး။ ပြဿ နာတစ်ခု ကို သူကန့်သတ်ပေးထားတဲ့ဘောင်ထဲမှာ ရအောင် ဖြေရှင်းနိုင်တာဟာ အရည်အချင်းပဲ။ လက်တွေ ့ဘဝမှာ လဲ အဲဒီ လိုပဲ။ စိတ်ကူးစိတ်သန်းတွေ ဟာ ကိုယ်လုပ်နိုင်တဲ့ အကန့်အသတ်ထက်ကျော်သွားပြီဆိုရင် အဲဒီ စိတ်ကူးတွေ အကောင်အထည်ပေါ်လာဖို့ဆိုတာ သိပ်ကိုခက်သွားပြီ။ ဒီနေရာမှာ လုံးဝ အကောင်အထည်ပေါ်မလာနိုင်ဘူးလို့ ငါမပြောဘူးနော်။ လောကမှာ အကန့် အသတ်တွေ limit တွေ ရှိတယ်။ ဒါပေမယ့် အဲဒါတွေ ကိုယ်တိုင်ကလည်း ပြောင်းလဲမှု တစ်ခုနဲ့ ရွေ့နေတယ်။

မင်းအကောင်အထည်ဖော်မယ့် ဆောင်ရွက်မယ့်ကိစ္စတစ်ခုမှာ အချိန် အကန့်အသတ်(Time Limit) မရှိဘူးဆိုရင်တော့ ဒီအချက်ကို မင်း ထည့်သွင်း စဉ်းစားစရာမလိုဘူး။ မင်းခေတ်မှာ မအောင်မြင်ရင် မင်းရဲ့ သား ဆက်လုပ် လိမ့် မယ်။ မင်းရဲ့ သားခေတ်မှာ မအောင်မြင်ရင် မင်းရဲ့ မြေး ဆက်လုပ် လိမ့်မယ်။ ဒါက Time Limit အများ ကြီး လိုအပ်တဲ့ စိတ်ကူးစိတ်သန်း အကြီးကြီးတွေ အတွက်ပြောတာ။ ငါတို့ ့ရဲ့ စိတ်ဆန္ဒတွေ နဲ့ စိတ်ကူးစိတ်သန်းတွေ က တကယ့် ကို ရောမကြီးတွေ ဖြစ်နေပြီဆိုရင်တော့ မျိုးဆက် အဆက်ဆက်ကို လက်ဆင့် ကမ်းသွားနိုင်ဖို့ အဓိက ကြိုး စားရမှာ ပဲ။ အဲဒီ လိုမဟုတ်ဘဲ

Time Limit တစ်ခု အတွင်းမှာ ရလဒ်ကောင်းတခုထွက်ဖို့ ကြိုးစားရမယ်ဆိုရင်တော့ ခုနက ငါပြောတဲ့ ကိုယ့်ရဲ့ လုပ်နိုင်စွမ်းအကန့်အသတ်ကို မှန်မှန်ကန်ကန် သုံးသပ်တတ်ဖို့ကိုလိုအပ်တယ်။ အဲဒီ အကန့်အသတ်အတွင်းမှာ ဖြစ်နိုင်တဲ့စိတ်ကူးစိတ်သန်း ကိုပဲ ငါတို့ရွေးချယ်သင့်တယ်။ စိတ်ကူးအကြီးကြီးတွေ ကြားမှာ မနိုင်မနင်း ဖြစ်ပြီး အဖျားရှူး သွားကြတာမျိုး တွေ မင်းသေသေချာချာ လေ့လာကြည့်ရင် တွေ့ရလိမ့်မယ်။ ဘာဖြစ်လို့လဲဆိုတော့ စိတ်ကူးက ကြီးရင်ကြီးသလောက် သူ့ကို အကောင်အထည်ပေါ်လာအောင်လုပ်ဖို့ သူ့နောက်ကလိုက်ရတဲ့ Plan (အစီအစဉ်)နဲ့ Action (အလုပ်)ကပါ လိုက်ကြီးလာတာလေ။

ဟုတ်ပြီ .. ငါတို့ဟာ စိတ်ဆန္ဒကောင်းတစ်ခုကို အချိန်အကန့် အသတ် တစ်ခုအတွင်း အကောင်အထည်ဖော်ဖို့ ဖြစ်နိုင်ချေရှိတဲ့ စိတ်ကူးတစ်ခု ကို ရပြီးပြီဆိုရင် အဲဒါကို စနစ်ကျကျ အကောင်အထည်ဖော်နိုင်ဖို့ အသင့် လျော်ဆုံး အစီအစဉ် Plan တစ်ခုကို ရေး ဆွဲဖို့လိုလာပြီ။ ဒါလဲ အရေး ကြီး တာပဲ။ Idea နဲ့ Action ကို ဆက်စပ်ပေးတဲ့နေရာမှာ Plan ဘယ်လောက် ကောင်းသလဲ၊ မကောင်းဘူးဆိုတာကို မူတည်ပြီး စိတ်ကူးတွေ Ideas တွေ ကို အကောင်အထည်ဖော်ရတဲ့ အလုပ်Actionsတွေ မှာ ဘယ်လောက် ချောမွေ့သလဲ၊ မချောမွေ့ဘူးလဲဆိုတာ ကွာသွားတယ်။ ဘယ်လောက်ကောင်းတဲ့ စိတ်ကူးစိတ်သန်း ဖြစ်ပါစေ အစီအစဉ်သာ သေချာမဆွဲခဲ့ဘူးဆိုရင် တကယ် အကောင်အထည် ဖော်ဖို့လုပ်ကြတဲ့နေရာမှာ အခက်အခဲတွေ များ စွာ လွဲချော်မှု တွေ များ စွာ ၊ လိုအပ်ချက်တွေ များ စွာ နဲ့ ကြုံရမှာ တော်တော် သေချာတယ်။ (Planning) အစီအစဉ်ဆွဲတဲ့ နေရာမှာ အသေအချာကို အားစိုက်ထုတ်ပြီး ဖြစ်လာနိုင်တဲ့ ဖြစ်နိုင်ချေများ စွာ ၊ ကြုံတွေ့ရနိုင်တဲ့ အခက်အခဲများ စွာ ၊ လိုအပ် လာနိုင်တဲ့ လိုအပ်ချက်များ စွာ အတွက် ဘာ ဖြစ်ရင် ဘာလုပ်မယ်၊ ဘယ်လိုမျိုး ကြုံလာရင် ဘယ်လိုဖြေရှင်းမယ်၊ ဘာတွေ လိုအပ်ရင် ဘယ်လိုရှာဖွေဖြည့်ဆည်း မယ် ဆိုတာတွေ ကိုပါ အဓိက အစီအစဉ် (Main Plan) ကြီးထဲမှာ ထည့်သွင်း ရေး ဆွဲနိုင်ဖို့လိုတယ်။

အရာရာတိုင်းအတွက် ပြီးပြည့်စုံတဲ့ အစီအစဉ် Plan တစ်ခု ဖြစ်ဖို့ ကတော့ သိပ်မလွယ်ဘူး။ ဒါပေမယ့် အတတ်နိုင်ဆုံး ဟာကွက်မရှိအောင် တော့

အချိန်ယူပြင်ဆင်ရမယ်။ ဒါဆို Plan လဲချပြီးပြီ။ တကယ်လုပ်ရတော့ မယ်။ Action ယူရတော့မယ်။ ရုံးလုပ်ငန်းသဘောအရ ပြောရမယ်ဆိုရင်တော့ Paper Work တွေ ပြီးသွားပြီ။ တကယ်လက်တွေ့ကွင်းဆင်းရမယ့်အပိုင်း ရောက်လာပြီပေါ့။ တကယ်လုပ်ကြတဲ့ အခါမှာ အစီအစဉ် (Plan) အတိုင်း တသွေမတိမ်း လိုက်လုပ်နိုင်ဖို့ ဆိုတာမသေချာဘူး။ မျှော်လင့်မထားတာတွေ အများ ကြီး ဖြစ်လာနိုင်သေးတယ်လေ။ အချို့ကိစ္စတွေ မှာ တော့ မျှော်လင့်မထား တာတွေ ဘာမှမ ဖြစ်ဘဲ အစီအစဉ်အတိုင်း လျှောလျှောရှုရှုပြီးသွားတာမျိုး တွေ ရှိနိုင်တယ်။ ဒါကလဲ ရှေ့က Planning ရဲ့ အားကို အပြည့်အဝယူသုံး လိုက်တဲ့ သဘောပေါ့။ ဒါပေမယ့် ခုနကပြောသလို မမျှော်လင့်တာတွေ ဖြစ်လာရင် ဘယ်လိုလုပ်မလဲ။ ဒီနေရာမှာ ခေါင်းဆောင်လုပ်သူ ဦးစီးဦးရွက် ပြုသူနဲ့ Ad hoc လို့ခေါ်တဲ့ ကိစ္စရပ်တွေ ကို လတ်တလော ဆုံးဖြတ်နိုင်စွမ်းကအရေး ပါလာပြီ။ မျှော်လင့်မထားတဲ့ အ ဖြစ်အပျက်တွေ ကိုသာ အကောင်းဆုံး မကိုင်တွယ်မဖြေရှင်းနိုင်ခဲ့ဘူးဆိုရင် ဆင်ပြောင်ကြီး အမြီးကျမှ တစ်ဆိုသလို ရလာမယ့်ရလဒ် Result အတွက် အနှောင့်အယှက်တစ်ခု ဖြစ်ကောင်း ဖြစ်သွားနိုင်တယ်လေ။

အဲဒီ တော့ အခက်အခဲ၊ အတားအဆီးတွေ ကို ရုတ်ချည်းနားလည် ဖြေရှင်းပေးနိုင်တဲ့ အရည်အချင်းကိုလဲရှိအောင် ငါတို့ မွေးမြူပျိုး ထောင် ထားသင့်တယ်။ ကမ္ဘာလောကကြီးကို ကြီးမားတဲ့ အပြောင်းအလဲတွေ ယူဆောင်လာကြတာဟာ လူကောင်းတွေ မဟုတ်ဘူး။ လူတော် လူကောင်းတွေ ၊ လူတော် လူမကောင်းတွေ ကွ။ ကမ္ဘာလောကကြီးထဲမှာ မကောင်းတဲ့ရလာဒ် တွေ ချည်း ထွက်မလာစေဖို့ မကောင်းတဲ့ လူတော် တွေ တော် တာထက်၊ ကောင်းတဲ့လူတွေ က ပိုတော် အောင် ကြိုး စားကြဖို့လိုတယ်။ တော် တဲ့လူ တွေ ကို လူဆိုးတွေ ဖြစ်မသွားအောင် လုပ်ဖို့လဲလိုတာပေါ့။

ငါအထက်မှာ ပြောခဲ့တဲ့ စကားလုံး အစဉ်လေးဟာ တစ်ခုပြီးတစ်ခု ဖြစ်တယ်ဆိုတာကိုလဲ သဘောပေါက်ရမယ်။ Wish ကနေတန်းပြီး Result ဖြစ်မသွားဘူး။ စိတ်ကူးအဆင့်ကို မရောက်တဲ့ စိတ်ဆန္ဒဟာ ဘာမှ အသုံးမဝင်ဘူး။ အဲဒီ လိုပဲ .. အကောင်အထည်ဖော်ဖို့ အစီအစဉ်သာ မဆွဲဘူး ဆိုရင် စိတ်ကူးတွေ ကလဲ

စိတ်ကူးအတိုင်းပဲရှိနေမှာ ပဲ။ ဘာလုပ်မှာ လဲ။ ဘယ်သူပြောတာလဲတော့ မသိဘူး။ ငါကြားဖူးတဲ့ စကားလေးတစ်ခွန်းကို ပြောပြမယ်။ 'မင်းမရေး ဖြစ်တဲ့ စာကြောင်းပေါင်းများ စွာထက် မင်းချရေး လိုက်တဲ့ စာတစ်ကြောင်းက ပိုတန်ဖိုးရှိတယ်'တဲ့။ ငါ ကတော့ အဲဒီ စကားလေး ကို သိပ်သဘောကျတာပဲ။

ကဲ .. ငါ့ညီရေ မင်းစိတ်ကူးတွေ ကို အကောင်အထည်ဖော်ဖို့ အခုကတည်းက စပြီးကြိုး စားတော့လေကွာ။

ချစ်ခြင်းမေတ္တာကိုမြတ်နိုးပါ၊

ဉာဏ်ပညာကိုတန်ဖိုးထားပါ

အနုပညာကိုခံစားတတ်ပါစေ

မင်းရဲ့ ကိုလတ်

*